ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်

အမှတ်၊ ၁ / ၂၀၁၈

နေပြည်တော်၊ ၁၃၈၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**အများပြည်သူဆိုင်ရာအရာရှိများထံ ပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန်တွက်ချက်မှုတွင် စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အများပြည်သူဆိုင်ရာ အရာရှိများထံ ပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန်တွက်ချက်မှုတွင် စရိတ်အဖြစ် နုတ်ပယ်ခွင့် မပြုခြင်းနှင့် စပ်လျဉ်း၍ မည်သို့ လိုက်နာ ကျင့်သုံးရမည်ကို ရှင်းလင်းစွာ သိရှိနိုင်စေရန် အတွက် ထုတ်ပြန် သတ်မှတ်ရခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤ လိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် အများပြည်သူဆိုင်ရာ အရာရှိများအား ပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန် တွက်ချက်မှုတွင် နုတ်ပယ်ခွင့် မပြုခြင်း နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့ကျင့်သုံး ဆောင်ရွက်ကြောင်း ရှင်းလင်း အသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်မည့်သူများ**

၃။ ဤ လိုက်နာကျင့်သုံးရန် ထုတ်ပြန် သတ်မှတ်ချက်သည် ဝင်ငွေခွန် တွက်ချက်မှုတွင် စုစုပေါင်းဝင်ငွေမှ အများပြည်သူဆိုင်ရာ အရာရှိများအား ပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို စရိတ် အဖြစ် နုတ်ပယ်ခွင့် တင်ပြတောင်းခံသည့် အခွန်ထမ်းအားလုံးအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်**

၄။ **ရာဇသတ်ကြီး** (Penal Code) ၏ အခန်း (၉)၊ ပုဒ်မ ၁၆၂ မှ ၁၆၅ အထိတွင် အများပြည်သူ ဆိုင်ရာ အရာရှိများသည် တစ်စုံတစ်ဦးအပေါ် အထူး အရေးပေးကြောင်း သို့မဟုတ် မနှစ်သက်ကြောင်း

ဖော်ပြရန် သို့မဟုတ် တရားဝင်လုပ်ဆောင်ချက် တစ်ရပ်ရပ်ကို ဆောင်ရွက်စေရန် သို့မဟုတ် ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်စေရန် ဆွဲဆောင်မှု တစ်ရပ်အဖြစ် သို့မဟုတ် အပြန်အလှန်သဘော အဖြစ် (တရားဝင်လစာငွေ မှလွဲ၍) မည်သည့်ငွေကြေးကိုမဆို တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်းသည် ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး သဘောတူညီချက်ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုး အတည်ပြုထားပြီးဖြစ်ပါသည်။ ယင်းသဘောတူညီချက်၏ အပိုဒ် (၁၂)၊ အပိုဒ်ခွဲ (၄) တွင် သဘောတူညီချက်ကို လက်မှတ်ရေးထိုးအတည်ပြုထားသည့် နိုင်ငံများသည် "မသင့်လျော်သည့် အကျိုးကျေးဇူး" ခံစားရစေသည့် ငွေကြေးများကို အခွန်မှ နုတ်ပယ်ခွင့်မပြုရေး အတွက် လိုက်နာကြရန် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။

**လိုက်နာ ကျင့်သုံးရန် သတ်မှတ်ချက်**

၅။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အများပြည်သူဆိုင်ရာ အရာရှိများထံသို့ ပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန် တွက်ချက်မှုတွင် စုစုပေါင်းဝင်ငွေမှ နုတ်ပယ်ခွင့် ပြုမည်မဟုတ်ပါ။ ယင်းတံစိုးလက်ဆောင်များသည် ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ ကိုယ်ရေး ကိုယ်တာ စရိတ် ဖြစ်၍ လည်းကောင်း၊ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရလည်း မဆီလျော်သည့်စရိတ်ဖြစ်၍ လည်းကောင်း နုတ်ပယ်ခွင့်မပြုပါ။

၆။ တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို စုစုပေါင်းဝင်ငွေမှ နုတ်ပယ်ခွင့် မပြုခြင်းသည် ယင်းတံစိုး လက်ဆောင်ကို အများပြည်သူဆိုင်ရာ အရာရှိတစ်ဦးသို့ တိုက်ရိုက် ပေးကမ်းသည်ဖြစ်စေ၊ ယင်း၏ မိတ်ဖက် တစ်ဦး သို့မဟုတ် မိသားစုဝင် တစ်ဦးမှတစ်ဆင့် သွယ်ဝိုက်သော နည်းဖြင့် ပေးကမ်းသည် ဖြစ်စေ အကျုံးဝင်သည်။ ထို့ပြင် ထိုအများပြည်သူဆိုင်ရာအရာရှိ၏ ညွှန်ကြားချက်အရ တံစိုးလက်ဆောင်ကို အခြားပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ် သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်စုသို့ ပေးအပ်ခြင်းလည်း အကျုံးဝင်ပါသည်။

၇။ အများပြည်သူဆိုင်ရာ အရာရှိဟူသော စကားရပ်တွင် အောက်ပါ ပုဂ္ဂိုလ်များ အကျုံးဝင်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းများ၊

(ခ) နိုင်ငံခြားအစိုးရ တစ်ရပ်ရပ်၏ ဝန်ထမ်းများ၊

(ဂ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များတွင် ရာထူး ရယူထားသူများ၊

(ဃ) နိုင်ငံတော် အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့် ဘုတ်အဖွဲ့၊ ကော်မရှင် စသည်တို့တွင် ခန့်အပ်ခြင်း ခံရသူများ၊

(င) အများပြည်သူဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝန်ထမ်းများ။

၈။ လိုက်နာ ကျင့်သုံးရန် သတ်မှတ်ချက်များနှင့် ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန် အောက်ပါအတိုင်း ဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည်-

(က) **နမူနာ - ၁**

(၁) **ဖြစ်စဉ်။** "ဦးကိုကို" သည် အများပြည်သူဆိုင်ရာ အရာရှိတစ်ဦး ဖြစ်သည်။ "ဒေါ်ခင်ခင်" သည် "ဦးကိုကို"၏ ဇနီး ဖြစ်ပြီး ၎င်းသည် "က" ဆောက်လုပ်ရေး ကုမ္ပဏီ၏ အမှုဆောင်အရာရှိတစ်ဦး ဖြစ်သူထံမှ ယင်း ကုမ္ပဏီ အပေါ် ၂၀၁၆ - ၂၀၁၇

ဝင်ငွေနှစ်အတွက် အခွန်စည်းကြပ်ရာတွင် အမှန်ကျသင့်သည့် အခွန် ပမာဏ ထက် လျော့နည်း စည်းကြပ်ပေးရေး ခင်ပွန်းဖြစ်သူကို စည်းရုံးသိမ်းသွင်းပေးရန် အတွက် တံစိုးလက်ဆောင် ပစ္စည်းတစ်ခုကို လက်ခံရရှိခဲ့သည်။ "က" ဆောက်လုပ်ရေး ကုမ္ပဏီသည် ၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကြေညာလွှာ တင်သွင်း ရာတွင် ယင်းတံစိုးလက်ဆောင်အတွက် ကုန်ကျစရိတ်ကို ဝင်ငွေမှ နုတ်ပယ် ထားသည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်။** ယင်းတံစိုးလက်ဆောင်သည် "က" ဆောက်လုပ်ရေး ကုမ္ပဏီအပေါ် မသင့်လျော်သည့် အကျိုးကျေးဇူး ရရှိစေရန်နှင့် အထူးအရေးပေးမှုရရှိစေရန် ရည်ရွယ်လျက် အများပြည်သူဆိုင်ရာ အရာရှိတစ်ဦးကို စည်းရုံးသိမ်းသွင်းရန်အလို့ငှာပေးအပ်သည့် လက်ဆောင်ဖြစ်ခြင်းကြောင့် ပြည်တွင်းအခွန်များဦးစီးဌာနက ယင်းနုတ်ပယ်မှုကို ခွင့်ပြုမည် မဟုတ်ပါ။ ထို့ပြင် ယင်းတံစိုး လက်ဆောင်အတွက် ကုန်ကျစရိတ်သည် ဆီလျော်မှု မရှိသော စရိတ်လည်း ဖြစ်ပါသည်။

**( ခ ) နမူနာ - ၂**

(၁) **ဖြစ်စဉ်။** "ဦးစိုင်း"သည် သစ်ထုတ်လုပ်ခွင့် လိုင်စင်များ စိစစ် ခွင့်ပြု ပေးရန် အသစ်ဖွဲ့စည်းတည်ထောင် ထားသည့် အထူးကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ "ခ" ကုမ္ပဏီသည် သစ်တောမြေတစ်ကွက်တွင် သစ်ထုတ်လုပ်ခွင့် လိုင်စင် ရရှိရေး လျှောက်ထားရန် ကြိုးပမ်းနေသည့် သစ်လုပ်ငန်း ကုမ္ပဏီတစ်ခုဖြစ်သည်။ "ခ" ကုမ္ပဏီက "ဦးစိုင်း" ထံ ချဉ်းကပ်၍ ယင်းတို့ကုမ္ပဏီ၏ သစ်ထုတ်လုပ်မှုနယ်ပယ်တွင် ကျွမ်းကျင်မှု များကို လက်ခံယုံကြည်လာစေရန် ကြိုးပမ်းသည့်အနေဖြင့် "ဦးစိုင်း" အား ကုမ္ပဏီ၏ သစ်ထုတ်လုပ်သည့် လုပ်ငန်းခွင်များသို့ ခေါ်ဆောင်ပြသရန် ကမ်းလှမ်းခဲ့သည်။ ယင်းနောက်တွင် "ခ" ကုမ္ပဏီသည် "ဦးစိုင်း"နှင့် ၎င်း၏ ဇနီးတို့အား အင်ဒိုနီးရှား နိုင်ငံသို့ ၁၀ ရက် ခရီး စရိတ်ငြိမ်း ပို့ဆောင်ပေးခဲ့ပြီး ယင်းကာလအနက် နှစ်ရက်မှာ ကာလီမင်တန်ဒေသရှိ "ခ" ကုမ္ပဏီ၏ သစ်ထုတ်လုပ်မှု လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု ခဲ့ခြင်း ဖြစ်သည်။ "ခ" ကုမ္ပဏီသည် ယင်းခရီးစဉ်အတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန် တွက်ချက်မှုတွင် ထည့်သွင်း တွက်ချက် ထားသည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်။** ယင်းခရီးစဉ်သည် သစ်ထုတ်လုပ်ရေး လိုင်စင်များ ခွင့်ပြုထားပေးမည့် "ဦးစိုင်း"၏ ဆုံးဖြတ်ချက် အပေါ် လွှမ်းမိုးမှု ပြုနိုင်ရန် ရည်ရွယ်လျက် ပေးအပ်သည့် တံစိုးလက်ဆောင်၏ သဘောသဘာဝ ရှိနေသဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသည် ထိုစရိတ်ကို နုတ်ပယ်ခွင့်ပြုမည် မဟုတ်ပါ။

**( ဂ ) နမူနာ - ၃**

(၁) **ဖြစ်စဉ်။** "ဦးမောင်မောင်"သည် အများပြည်သူဆိုင်ရာ အရာရှိတစ်ဦး ဖြစ်သည်။ "ဦးညီညီ"သည် မန္တလေးမြို့ရှိ ကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာဖြစ်သည်။ "ဦးညီညီ"က "ဦးမောင်မောင်"၏ သမီးဖြစ်သူ ဆေးကုသမှု စရိတ်များကို ဆေးရုံတွင်

စိုက်ထုတ်ပေးချေခဲ့ပြီး ယင်းစရိတ်များကို ၂၀၁၈ - ၂၀၁၉ စည်းကြပ်နှစ် အတွက် ဝင်ငွေခွန်ကြေညာလွှာတွင် စုစုပေါင်းဝင်ငွေမှ နုတ်ပယ်တွက်ချက်တင်ပြထားသည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်။** စိုက်ထုတ်ပေးချေထားသည့် ဆေးကုသမှု စရိတ်များကို ဝင်ငွေမှနုတ်ပယ်ရန် တင်ပြတောင်းခံလာသည့်အပေါ် ပြည်တွင်းအခွန်များ ဦးစီးဌာနက နုတ်ပယ်ခွင့် ပြုမည်မဟုတ်ပါ။ ဆေးကုသမှုစရိတ်များကို ကျခံပေးခြင်း နှင့် အထူးအရေးပေးမှု ရရှိခြင်း တို့အကြား တိုက်ရိုက်ဆက်စပ်မှု တစ်စုံတစ်ရာကို မတွေ့ရသော်လည်း ယင်းပေးချေမှုမျိုးကို နုတ်ပယ်နိုင်သည့် စရိတ်အဖြစ် ခွင့်ပြုလိုက်ခြင်းသည် ကုလသမဂ္ဂ၏ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးဆိုင်ရာ သဘော တူညီချက်ကို ချိုးဖောက်သည့် သဘောသက်ရောက်မည် ဖြစ်ပါသည်။

၉။ ဤလိုက်နာ ကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

( မင်းထွဋ် )

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁ (၂)/ ဥစ-၁/ ပတခ/ ၂၀၁၈ (၁၀၆၅၉)

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

**<u>ဖြန့်ဝေခြင်း</u>**

မြန်မာနိုင်ငံ စာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံ ပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ (၂)၊ (၃)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေး ရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

မြန်မာနိုင်ငံ လက်မှတ်ရ စာရင်းကိုင်များအသင်း

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ